KHRG ကရင်လူ့အခွင့်အရေးအဖွဲ့
ကျေးလက်နေပြည်သူများ၏အသံများကိုမှတ်တမ်းပြုစုခြင်း

## မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ

ဧပြီလ ၂၆ရက်၊ ၂၀၂၃ခုနှစ် / KHRG စာအမှတ်– 23-60-I1

# မူတြော်ခရိုင် မှုခင်းဖော်ပြသည့်မှတ်တမ်းလွှာ – SAC စစ်သားများမှ တောထဲတွင် အမဲထွက်လိုက်နေသည့်ရွာသားတစ်ဦးအား ရက်ရက်စက်စက်ပစ်သတ်ခဲ့ (၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ)

*ဤမှုခင်းဖော်ပြသည့်မှတ်တမ်းလွှာတွင် ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း မူတြော် (ဖာပွန်)ခရိုင်၊ လူသောမြို့နယ်တွင် ဖြစ်ပွားခဲ့သောအဖြစ်အပျက်များကို ဖော်ပြထားပါသည်။ ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၇ရက်နေ့ ညနေ (၄)နာရီခွဲအချိန်တွင် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ပ---ကျေးရွာတွင်နေထိုင်သည့် အသက် (၂၈)နှစ်အရွယ် ရွာသားတစ်ဦးဖြစ်သူ စော၀---သည် လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ အ---(နေရာ)ဖြစ်သည့် တောထဲတွင် သူ၏သူငယ်ချင်းတစ်ဦးနှင့်အတူ အမဲထွက်လိုက်နေစဉ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများမှ ၎င်းအား ရက်ရက်စက်စက်ပစ်သတ်ခဲ့သည်။ ထိုရွာသားအသတ်ခံရသည့်ဖြစ်စဉ်နှင့်ပတ်သတ်၍ SAC ဖက်မှ တစ်စုံတစ်ရာ အရေးယူဆောင်ရွက်ခြင်းများ မရှိခဲ့ပေ။ ပ---ရွာသားများသည် စားဝတ်နေရေးအတွက် လယ်ယာစိုက်ပျိုးရေးကိုသာမှီခို၍ လုပ်ကိုင်ကြသည့်ဒေသခံများဖြစ်သည်။ ပ---ရွာသည် SAC တပ်စခန်းအနီးနားတွင် တည်ရှိနေသောကြောင့် ရွာသားများသည် သွားလာလုပ်ကိုင်ရာတွင် SAC စစ်သားများကို ကြောက်ရွံ့နေကြရသည်။ အထူးသဖြင့် စော၀---အသတ်ခံရပြီးနောက်တွင် ရွာသားများသည် စားဝတ်နေရေးအတွက် ၎င်းတို့လယ်ယာထဲသို့ သွားရောက်လုပ်ကိုင်ရန် ပိုမို၍ခက်ခဲလာသည်။* [1]

[1] ဤအစီရင်ခံစာသည် ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလတွင်ရရှိသောအကြောင်းအရာ၌ အခြေခံပြုပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့ KHRG မှ လေ့ကျင့်သင်ကြားပေးထားသော မူတြော်ခရိုင်ရှိ ဒေသခံတစ်ဦးမှ ဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှုအခြေအနေအား ဖော်ပြထားပါသည်။ ချိုးဖောက်ခံရသူများ၏ အမည်၊ ဓာတ်ပုံ နှင့် နေရပ်လိပ်စာအတိအကျအား လုံခြုံရေးအရ တည်းဖြတ်ထားပါသည်။ ကွင်းစကွင်းပိတ်အတွင်း ရေးသားထားသော အချက်အလက်များသည် KHRG မှ ရှင်းပြမှုများအတွက် ထည့်သွင်းထားခြင်းဖြစ်သည်။

# အပိုင်း ၁ – မှုခင်းဖြစ်ပွားသည့်အကြောင်းအရာအပြည့်အစုံ

| | |
|---|---|
| **အခင်းဖြစ်ပွားမှုအမျိုးအစား** | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) စစ်သားများမှ ရွာသားတစ်ဦးအား ပစ်သတ်မှု |
| **အခင်းဖြစ်ပွားသည့်နေ့ရက်** | ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၇ရက်နေ့ |
| **အခင်းဖြစ်ပွားသည့်နေရာ (ကျေးရွာ၊ မြို့နယ်၊ ခရိုင်)** | မူတြော် (ဖာပွန်)ခရိုင်၊ လူသောမြို့နယ်၊ လယ်မူပလောကျေးရွာအုပ်စု၊ အ---နေရာ |

| **စော်ကားခံရသူ(ရာဇဝတ်မှုကျူးလွန်ခံရသူ)၏ ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | |
|---|---|
| **အမည်** | စောဝ--- |
| **အသက်** | ၂၈နှစ် |
| **ကျား/မ** | ကျား |
| **လူမျိုး** | ကရင် |
| **မိသားစုရှိ/မရှိ** | မရှိ |
| **အလုပ်အကိုင်** | တောင်ယာလုပ်ငန်း |
| **ကိုးကွယ်သည့် ဘာသာ** | မိရိုးဖလာနတ်ကိုးကွယ်ယုံကြည်သူ |
| **ရာထူးအဆင့်** | ရွာသား |
| **နေရပ် ရွာအမည်** | မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ပ---ကျေးရွာ |

| **ပစ်မှုကျူးလွန်သူ၏ကိုယ်ရေးအကြောင်းအရာအပြည့်အစုံ** | | | | |
|---|---|---|---|---|
| **အမည်** | **ရာထူး** | **စစ်ကြောင်း၊ တပ်ရင်း၊ တပ်မ** | **အခြေစိုက်သည့်နေရာ ဒေသ** | **အထက်အရာရှိ အမည်** |
| မသိ | မသိ | SAC ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၃၄၉) | မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ဖါ့ဝေါ်လိုးတပ်စခန်း | မသိ |

# အဆင့် ၂– သတင်းအချက်အလက်များပြန်လည်စီစစ်ခြင်း

| **(၁) ဤသတင်းအချက်အလက်မှတ်တမ်းပြုစုပုံတစ်ဆင့်ချင်းကို ရှင်းပြပါ။** |
|---|
| ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၉ရက်နေ့တွင် KHRG သတင်းစုဆောင်းသူတစ်ဦးသည် ဤလူသတ်မှုဖြစ်စဉ်နှင့် ပတ်သတ်၍ မျက်မြင်ကိုယ်တွေ့ခဲ့သူတစ်ဦးအား အင်တာဗျူးခဲ့ပါသည်။ ဤဖြစ်စဉ်နှင့်ပတ်သတ်၍ သတင်းအကြောင်းအရာများကို မျက်မြင်ကိုယ်တွေ့ခဲ့သူမှ ပြောပြခဲ့ခြင်းဖြစ်သည်။ |

| (၂) ဤသတင်းကိုပေးသောသူတို့သည် ဤသတင်းအချက်အလက်များမှန်ကန်ကြောင်း မည်သို့ဖော်ပြလိုပါသနည်း။ ၎င်းတို့တစ်ဦးချင်းစီ၏ ရှင်းပြချက်(များကို) ရေးမှတ်ပေးပါ။ |
|---|
| ဤသတင်းအကြောင်းအရာများအား ပြောပြခဲ့သူသည် အသတ်ခံခဲ့ရသူ စော၀---နှင့်အတူ တောထဲသို့ လိုက်ပါသွားခဲ့သူဖြစ်သည်။ ဤသတင်းအချက်အလက်များသည် တိကျမှန်ကန်ပါသည်။ အကြောင်းမှာ ဤသတင်းအား ပြောပြခဲ့သူသည် စော၀---အသတ်ခံရသည့်ဖြစ်စဉ်ကို မျက်မြင်ကိုယ်တွေ့ခဲ့သူတစ်ဦးဖြစ်သောကြောင့်ဖြစ်သည်။ |

# အဆင့် ၃– အခင်းဖြစ်ပွားပုံ

| အခင်းဖြစ်ပွားပုံ အသေးစိတ်ကို ပြည့်စုံစွာ ရေးသားဖော်ပြပေးပါ။ |
|---|
| ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၇ရက်နေ့ ညနေ (၄)နာရီခွဲအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ (SAC) ခြေလျင်တပ်ရင်း (ခလရ) အမှတ် (၃၄၉)မှ စစ်သားများသည် မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ပ---ကျေးရွာတွင်နေထိုင်သည့် အသက် (၂၈)နှစ်အရွယ် ရွာသားတစ်ဦးဖြစ်သူ စော၀---အား ရက်ရက်စက်စက် ပစ်သတ်ခဲ့သည်။ စော၀---သည် လူသောမြို့နယ်၊ လယ်မူပလော ကျေးရွာ အုပ်စုရှိ အ---(နေရာ)ဖြစ်သည့်တောထဲတွင် သူ၏သူငယ်ချင်းတစ်ဦးနှင့်အတူ အမဲထွက်လိုက်နေစဉ်အတွင်း အသတ်ခံခဲ့ရခြင်းဖြစ်သည်။<br><br>ထိုနေ့ညနေပိုင်းတွင် စော၀---နှင့်သူ၏သူငယ်ချင်းဖြစ်သူ စောဟ---တို့သည် တောထဲတွင်အမဲလိုက်နေစဉ်တွင် SAC စစ်သားများနှင့် ပက်ပင်တိုးခဲ့သည်။ ထို့နောက် SAC စစ်သားများသည် ၎င်းတို့အား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ ထိုစစ်သားများသည် လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စု၊ ဖါ့ဝေါ်လိုးတပ်စခန်းတွင် အခြေစိုက်သည်။ SAC စစ်သားများသည် စော၀---ကို သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ သေနတ်ကျည်ဆံနှစ်လုံးသည် စော၀---၏ဦးခေါင်းကို ထိမှန်ပြီး ပွင့်ထွက်သွား၍ ထိုနေရာတွင် သေဆုံးခဲ့သည်။ SAC စစ်သားများသည် စောဟ---ကိုလည်း သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်။ သို့သော်လည်း စောဟ---သည် (SAC ၏ပစ်ခတ်မှုများကို ကြောက်ရွံ့သဖြင့်) ချုံပုတ်ကြားတွင် ဝင်ပုန်း၍ ဝပ်တွားနေခဲ့သည်။ ထို့နောက် SAC စစ်သားများသည် သေနတ်ပစ်ခတ်မှုကို ရပ်တန့်ခဲ့သည်။ ထိုအချိန်တွင် စောဟ---သည် စတင်၍ထွက်ပြေးခဲ့သည်။ တဖန် SAC စစ်သားများသည် စောဟ---အား ပစ်ခတ်ခဲ့ပြန်သည်။ သို့သော်လည်း စောဟ---ထွက်ပြေးလွတ်မြောက်နိုင်ခဲ့သည်။ နောက်တစ်နေ့မနက်ပိုင်းတွင် ပ---ရွာသားများသည် အခင်းဖြစ်ပွားသည့် နေရာသို့ရောက်ရှိလာပြီး စော၀---၏ရုပ်အလောင်းကို ကောက်ယူ၍ ပ---ရွာသားများ စစ်ပုန်းရှောင်သည့်နေရာဖြစ်သည့် န---နေရာတွင် ပြန်သယ်ဆောင်လာခဲ့သည်။ ထိုသို့ စော၀---၏ရုပ်အလောင်းကို သွားရောက်သယ်ယူရာတွင် ကရင် အမျိုးသားအစည်းအရုံး (KNU) တာဝန်ရှိသူများမှ ရွာသားများ၏လုံခြုံရေးအတွက် လိုက်ပါသွားခဲ့ပါသည်။<br><br>ဤဖြစ်စဉ်နှင့်ပတ်သတ်၍ စောဟ---မှ ယခုလိုပြောပြခဲ့သည်။ *“ကျွန်တော်သေနတ်သံကိုကြားတဲ့အချိန်မှာ သူ့ကို (စော၀---) သေနတ်ထိမှန်ပြီး သူက ကျွန်တော့်ဘေးနားမှာလဲနေပြီ။ သူက ကျွန်တော့်ရဲ့ရင်ဘတ်မှာလဲနေပြီး* |

*သွေးတွေလည်းထွက်နေတယ်။ ကျွန်တော်သူ့ကိုကြည့်လိုက်တော့ သူအသက်မရှိတော့ဘူး။ ကျွန်တော်လည်း ချုံပုတ်တွေကြားမှာ ပုန်းပြီး တွားသွားနေရတယ်။ SAC စစ်သားတွေကတော့ ကျွန်တော့်နောက်ကိုလိုက်လာတယ်။ ချုံပုတ်တွေကအရမ်းထူတော့ ကျွန်တော်လည်း ချက်ချင်းမပြေးနိုင်ဘူး။ ကျွန်တော်လည်း ချုံပုတ်တွေကြားကနေ တစ်ဖြေးဖြေးရုန်းထွက်လာတယ်။ (...) အဲဒီနောက် SAC စစ်သားတွေက သေနတ်ပစ်တာကိုရပ်လိုက်တယ်။ ပြီးတော့ သူတို့က နောက်ထပ်တစ်ကြိမ်ပစ်ခတ်ခဲ့တယ်။ အဲဒီနောက်မှာတော့ ကျွန်တော်လည်း ချောင်းထဲကိုပြေးသွားပြီး တောင်ပေါ်ကို တက်လာခဲ့တယ်။"* ထိုဒေသတစ်ဝိုက်တွင် SAC စစ်သားများ အယောက် (၂၀)ကျော် တက်လာသည်ကို စောဟ---မှ မြင်တွေ့ခဲ့သည်။ (အခင်းမဖြစ်ပွားမီအချိန်တွေလည်း) SAC သည် စောမူပလောကျေးရွာအုပ်စုအတွင်းရှိ ၎င်းတို့၏ တပ်စခန်းများသို့ စစ်အင်အားများနှင့် စားနပ်ရိက္ခာများတင်ပို့လေ့ရှိပြီး နယ်မြေအတွင်းလှည့်လည်လှုပ်ရှားမှုများ ပိုမို၍လုပ်ဆောင်ခဲ့ကြောင်းလည်း သိရှိခဲ့ရသည်။

အသတ်ခံရသူ စော၀---မှာ အသက်ရှင်ကျန်ရစ်သည့်မိခင်တစ်ဦးရှိသည်။ ယခုအချိန်တွင် ၎င်း၏မိခင်သည် အခြားသော ပ--- ရွာသားများနှင့်အတူ စောမူပလောကျေးရွာအုပ်စု၊ န---နေရာတွင် သွားရောက်ပုန်းရှောင်နေခဲ့သည်။ (စောဟ---၏ပြောပြချက်အရ) စော၀---၏မိခင်သည် သူမ၏သားအသတ်ခံရသည့်အတွက် ယူကျုံးမရဝမ်းနည်းကြေကွဲနေပါသည်။ ထိုအတွက်ကြောင့် သူမသည် မအိပ်နိုင်၊ မစားနိုင်ဘဲဖြစ်နေသည်။ သူမ၏သားသေဆုံးသွားခြင်းသည် သူမအတွက် ကြီးမားသောဆုံးရှုံးမှုတစ်ခုဖြစ်သည်။ အကြောင်းမှာ သူမ၏အမျိုးသားနှင့်အခြားသားသမီးများလည်းဆုံးရှုံးခဲ့ရပြီးဖြစ်သောကြောင့်ဖြစ်သည်။ ယခင်က စော၀---မှာ မောင်နှမသုံးဦးရှိသည်။ မောင်နှမသုံးဦးတွင် ညီအကိုနှစ်ဦးနှင့် ညီမတစ်ဦးဖြစ်သည်။ သို့သော်လည်း စော၀---၏မောင်နှမသုံးဦးသည် သေဆုံးသွားခဲ့ပြီး ၎င်းတစ်ဦးသာ အသက်ရှင်ကျန်ရစ်ခဲ့ခြင်းဖြစ်သည်။ စော၀--- နှစ်နှစ်သားအရွယ်တွင် မြန်မာစစ်တပ်မှ ၎င်း၏ဖခင်ကိုပစ်သတ်ခဲ့ပြီး ဖခင်ဖြစ်သူ၏ ခန္ဓာကိုယ်ကို အစိတ်စိတ်အပိုင်းပိုင်းဖြတ်၍ လမ်းပေါ်တွင် ပစ်ထားခဲ့သည်။ စော၀--- ၏ဖခင်သေဆုံးပြီးနောက် စော၀---သည် ၎င်း၏မိခင်နှင့်သာအတူနေထိုင်ခဲ့သည်။ မိခင်ဖြစ်သူလည်း သူမ၏သားကိုအခက်အခဲများကြားတွင် ကျွေးမွေးပြုစုစောင့်ရှောက်ခဲ့ပြီး ကျောင်းထားနိုင်ခဲ့သည်။ စော၀---လည်း ကျောင်းအောင်ပြီးနောက် ၎င်း၏မိခင်ကိုပြန်လည်ပြုစုစောင့်ရှောက်ရန်အတွက် တောင်ယာလုပ်ငန်းကိုလုပ်ကိုင်၍ သူ၏မိခင်ကိုရှာကျွေးခဲ့သည်။ စော၀---သည် မိခင်ဖြစ်သူ၏တစ်ဦးတည်းသောသားအဖြစ် အသက်ရှင်ကျန်ရစ်ခဲ့သည်။ သို့သော်လည်း ယခုအချိန်တွင် သူမ၏သားကို ဆုံးရှုံးခဲ့ရပြန်သည်။ စော၀---အသတ်ခံရသည့်နောက်တွင် ဤဖြစ်စဉ်အတွက် (လျော်ကြေးငွေပေးခြင်းအစရှိသည့်) တစ်စုံတစ်ရာ အရေးယူဆောင်ရွက်မှုများ မရှိခဲ့ပေ။

ပ---ကျေးရွာတွင်နေထိုင်ကြသည့်ရွာသားများသည် စားဝတ်နေရေးအတွက် ၎င်းတို့၏လယ်ယာလုပ်ငန်းများကိုသာ မှီခိုအားထားရသည်။ ပ---ရွာသည် SAC တပ်စခန်းအနီးနားတွင် တည်ရှိနေသောကြောင့် ရွာသားများသည် သွားလာလုပ်ကိုင်ရာတွင် SAC စစ်သားများကို ကြောက်ရွံ့နေကြရသည်။ အထူးသဖြင့် စော၀---အသတ်ခံရပြီးနောက်တွင် ရွာသားများသည် စားဝတ်နေရေးအတွက် ၎င်းတို့လယ်ယာထဲသို့ သွားရောက်လုပ်ကိုင်ရန် ပိုမို၍ခက်ခဲလာသည်။

(စောဟ---၏ပြောပြချက်အရ) ယခုလို စော၀---အသတ်ခံရသည့်ဖြစ်စဉ်မျိုး နောက်ထပ်မဖြစ်လာစေရန် ရွာသားများက အလိုရှိကြသည်။ ရွာသားများသည် ထိုကဲ့သို့ အသတ်ခံရသည့်ဖြစ်စဉ်များနှင့် ဝမ်းနည်းကြေကွဲမှုများကို ဆယ်စုနှစ်ကြာအထိ ကြုံတွေ့ခံစားခဲ့ရပြီးဖြစ်သည်။ ပ---ရွာသားများသည် ထိုဒေသအတွင်း စားဝတ်နေရေးအတွက် အလုပ်လုပ်

| |
|---|
| ကိုင်ရာတွင် အခက်အခဲစိန်ခေါ်မှုများစွာ ကြုံတွေ့ခဲ့ရသည်။ အကြောင်းမှာ ထိုဒေသတွင် မြေမြှုပ်မိုင်းများ တည်ရှိနေသောကြောင့်ဖြစ်သည်။ ရွာသားများသည် မြေမြှုပ်မိုင်းအန္တရာယ်မှ ရှောင်ရှားနိုင်ရန်အတွက် မိုင်းအန္တရာယ်အသိပညာပေးသင်တန်းများကို တစ်ခါမျှ တက်ရောက်လေ့လာဖူးခြင်း မရှိခဲ့ပါ။ |

## အဆင့် ၄– ခွင့်ပြုချက်တောင်းခံခြင်း

| **ရွာသားသို့မဟုတ် လူ့အခွင့်အရေးချိုးဖောက်ခံရသူသည် ဤသတင်းကိုအသုံးပြုရန်ခွင့်ပြုပါသလား။ မည်ကဲ့သို့သောနည်းလမ်းဖြင့် အသုံးပြုခွင့်ပေးသည်ကိုဖော်ပြပေးပါ။** |
|---|
| သတင်းအချက်အလက်အား ပြောပြခဲ့သူနှင့် စော၀---၏မိသားစု၀င်သည် ဤသတင်းအကြောင်းအရာများကို ရေးသားဖြန့်ဝေရန်အတွက် KHRG အား ခွင့်ပြုချက်ပေးထားပါသည်။ |




ဤပုံကို ၂၀၂၃ခုနှစ်၊ ဖေဖော်ဝါရီလ ၈ရက်နေ့၌ မူတြော်ခရိုင်၊ လူသောမြို့နယ်၊ စောမူပလောကျေးရွာအုပ်စုရှိ စစ်ပုန်းရှောင်နေရာတစ်ခုတွင် ရိုက်ယူခဲ့သည်။ ပ---ရွာသားများသည် ထိုနေရာသို့ စစ်ပုန်းရှောင်ခဲ့ခြင်းဖြစ်သည်။ ပုံတွင်ပြထားသည်မှာ စော၀---၏ရုပ်အလောင်းဖြစ်သည်။ စော၀---သည် တောထဲတွင် အမဲလိုက်နေစဉ်အတွင်း SAC စစ်သားများမှ ၎င်းအား ပစ်သတ်ခဲ့ခြင်းဖြစ်သည်။ *(ဓါတ်ပုံ – KHRG)*

ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) အကြောင်း

၁၉၉၂ ခုနှစ်တွင် စတင်တည်ထောင်ခဲ့သော ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) သည် မြန်မာပြည်အရှေ့တောင်ပိုင်းရှိ လူ့အခွင့်အရေးအခြေအနေတိုးတက်ကောင်းမွန်လာစေရန်အတွက် လုပ်ဆောင်လျှက်ရှိသည့် လွတ်လပ်သောလူထုအခြေပြုအဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ လူ့အခွင့်အရေးချိုးဖောက်ခံရမှုများကိုမှတ်တမ်းပြုစုနိုင်ရန် ကရင်လူ့အခွင့်အရေးအဖွဲ့မှ ဒေသခံရွာသားများကို လေ့ကျင့်သင်ကြားပေးလျှက်ရှိပါသည်။ ဒေသခံရွာသားများမှ ခံစားရသောလူ့အခွင့်အရေး ချိုးဖောက်ခံရမှုများကို ထင်ဟပ်စေရန်အတွက် ၎င်းတို့၏ အသံ၊ အတွေ့အကြုံ၊ စိုးရိမ်ပူပန်မှုများနှင့် အမြင်သဘောထားများကိုဖော်ပြပေးသောအစီရင်ခံစာများကို ရေးသားထုတ်ဝေလျှက်ရှိပါသည်။ ကရင်လူ့အခွင့်အရေးအဖွဲ့၏ လုပ်ငန်းများကိုပိုမိုသိရှိလိုပါက ၎င်း၏ဝဘ်ဆိုက် www.khrg.org တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။